**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၅)ရက်မြောက်နေ့ အစည်းအဝေး **အကျဉ်းချုပ်**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက် )**

**[ကြာသပတေးနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** (၁၁) **ကြိမ်မြောက်** ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကုန်စျေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ခံစားနေကြရသော အမှုထမ်းများ (အထူးသဖြင့် ပြည်သူ့ရဲဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ) အား ဒေသန္တရရှားပါးစရိတ် (CLA) ခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လုပ်ခ၊ လစာ၊ ခရီးစရိတ်နှင့် ခရီးသွားနေ့တွက်စရိတ်တို့ကို အခါအားလျော်စွာ တိုးမြှင့်ခံစားခွင့်ပြုထားသည့်အပြင် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအတွက်လည်း (ဒေသန္တရရှားပါးစရိတ်)နှင့် သဘောသဘာဝတူညီသောဒေသစရိတ်များကို သီးခြားခံစားခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ဒေသန္တရရှားပါးစရိတ် (Compensatory Local Allowance CLA) သီးခြားခွင့်ပြုပေးရန် အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း (၁၃၀)ရှိပြီး ကျေးရွာအုပ်စု (၅၅)အုပ်စုသာရှိသဖြင့် ကျေးရွာခွဲများကို ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် က တရားဝင်အမည်ပေါက်ရရှိပြီးမှသာ ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းပေးနိုင်ရေး ခရိုင်၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်သို့တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်တွင် ခရိုင်အဆင့်ဌာနဆိုင်ရာရုံးများကို လာမည့်ဘဏ္ဍာရေးနှစ်တွင်**

**တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မတူပီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ နေအိမ်၊ အိမ်သာတည်ဆောက်ရန် ခွဲဝေရရှိထားပြီးဖြစ်၍ တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အခြားခရိုင်အဆင့်ဌာနဆိုင်ရာရုံးများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်ပြီး ခွင့်ပြုရရှိမှုအပေါ် မူတည်၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ဓနုကတိုက်ကျေးရွာများတွင် လူဦးရေထူထပ်များပြားလာ၍ အိုးမဲ့အိမ်မဲ့များဖြစ်ပေါ်လာမှုအပေါ် Town Plan / Village Plan မြို့ရွာစီမံချက်များဖြင့် မြေနေရာချပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးညီထွန်း က ဒုံဝန်းကျေးရွာအုပ်စု၊ ထောင်မှူးကျေးရွာအုပ်စု၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာအုပ်စုတို့တွင် ကျေးရွာမြေအဖြစ်တိုးချဲ့နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာမြေများ၊ စားကျက်မြေများ ကျူးကျော်မှုမရှိစေရေး၊ လယ်ယာမြေများအား အခြားနည်းအသုံးပြုခွင့်မရှိဘဲ အသုံးပြုမှုမရှိစေရေးအတွက်လည်းကောင်း၊ ပြည်ထဲရေးအမည်ပေါက်ကျေးရွာများအား မူလရွာမြေဧရိယာများပေါ်တွင် နေထိုင်ရန်မလုံလောက်ပါက သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှဦးဆောင်ပြီး ကျေးရွာတိုးချဲ့မှုအတွက် Village Plan ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(င) ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ကျန်ဗားကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စု(၄)ခုအဖြစ် အသစ်ပြင်ဆင်ဖွဲ့စည်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးညီထွန်း က ဘုံဖုံကျေးရွာအား မြို့အဆင့် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြုစုဆောင်ရွက်လျက်ရှိပါသဖြင့် ကျန်ဗားကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စု(၄)ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ်မရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၃။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် (ဥပဒေကြမ်းကော်မတီဝင်) က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

**အဆုံးအဖြတ် ရယူခြင်း**

၄။ ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၅။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးသည်။

**အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

၆။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာတို့ကို သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၇။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**